# စစ်အုပ်စုရုံသွင်းတဲ့ 'ဗျူး'ပွဲ

(၁) စစ်အုပ်စုအကြိုက် နိုင်ငံရေးကို ရေးခွင့်ရတဲ့ဂျာနယ် နည်းနည်းပဲရှိတယ်။ ရေးခွင့်လိုင်စင်ရ ဂျာနယ်တစောင်မှာ သခင်တင်မြက ဦးကျော်ငြိမ်းနဲ့ ဗိုလ်မောင်မောင်တို့အကြောင်း ရေးနေရာက နောက်ဂျာနယ်တစောင်မှာ "ဗျူး" ပွဲ လုပ်တယ်။ မေးသူက မြတ်ခိုင်။ ဖြေသူက သခင်တင်မြ။

သခင်တင်မြက 'ဘုံဘဝမှာဖြင့်' စာအုပ်ကြီးရေးခဲ့ပေမယ့် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်ဘဝမှာဖြင့်" ကို မရေးဝံ့သူ ဖြစ်တယ်။

မြတ်ခိုင်ကတော့ ရှူးတိုက်တိုင်းကိုက်တတ်တဲ့ သတ္တဝါ (ဘယ်ကောင်မှ ထောင်ထဲကို ဝင်ချင်လို့ ဝင်ကြတာ မဟုတ်ဘူးလို့ နိုင်ငံရေးသမားတွေကို 'ကောင်' ဆိုတဲ့ အသုံးအနှုန်းသုံးပြီး ရေးရဲတဲ့ မိုက်ရိုင်းသူဖြစ်လို့ ဒီလို အားနာနာနဲ့ သုံးလိုက်တာပါ။)

(၂) 'ဗျူး' တဲ့ အကြောင်းအရာက 'ပြည်တွင်းစစ်တရားခံ ဘယ်သူလဲ' ဆိုတဲ့ ကိစ္စ။ နှစ် '၆၀' ကျော်ကကိစ္စကို အခုမှ ဘာလို့ ကောက်ကိုင်သလဲ။ 'ငြိမ်း' တွေ မငြိမ်ကြတော့လို့ပဲ။ ဒါသိပ်ပြီးသေချာတယ်။

နိုင်ငံရေးမှာ 'မူအားဖြင့် သဘောတူတယ်' လို့ ဆိုလာရင် လက်တွေ့ကိစ္စမှာ ပြဿနာရှိနေလို့ပဲ။ လွန်ခဲ့တဲ့နှစ် '၆၀' ကျော်က ဖဆပလ နဲ့ ကွန်မြူနစ် ပြန်လည်ညီညွတ်ရေးကို "မူအားဖြင့်" (၂) ဘက်စလုံးက လက်ခံခဲ့ကြတာပဲ။ လက်တွေ့ပိုင်းမှာ ဖဆပလ ကွန်မြူနစ် အပြန်အလှန်ပေးစာတွေပေးပြီး ညှိကြတယ်။ ဘယ်လိုမှ ညှိမရခဲ့ဘူး။ အခုလည်း NLD နဲ့ နအဖ 'မူအရ' အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ဖို့ကို သဘောတူနေကြတာပဲ။ ဒါပေမဲ့ လက်တွေ့ပိုင်းမှာ ဘယ်လိုမှ ညှိမရဘူး။ အချုပ်ထဲထည့်ထားပြီး တခါတရံ ဧည့်ရိပ်သာခေါ်ပြီး ဆွေးနွေးတာပဲ 'အာဏာရ' က လုပ်တယ်။ တန်းတူရည်တူဆွေးနွေးစေ့စပ်တာ မလုပ်ဘူး။ (ဒီလုပ်နည်းက စစ်အုပ်စုတိုင်းရဲ့ လုပ်နည်းပဲ။ သခင်တင်မြက 'ဘုံဘဝမှာဖြင့်' ရေးပြီး လွတ်ငြိမ်းခွင့်ယူတယ်။ မောင်စူးစမ်းက 'ချမ်းအေးစစ်တမ်း' ရေးပြီး ပေးရတယ်။ အာဏာရ ကျေနပ်တော့မှ လွှတ်ပေးတယ်။ ပြီးတော့ အသုံးချတယ်။ အခုလည်း NLD ခေါင်းဆောင်ကို အချုပ်ချထားပြီး သဘောထားတီးခေါက်နေတယ်။)

'ငြိမ်း' တွေကိုလည်း ဒီလိုပဲ ထိုးလိုက်ဆွဲလိုက် လုပ်နေတယ်။ 'ငြိမ်း' တွေက လက်တွေ့လိုချင်တာတွေ တင်ပြနေတယ်။ 'ငြိမ်း' တွေရဲ့ လိုလားချက်တွေက သူတို့အခြေအနေအရ တဖွဲ့တမျိုး တင်ပြနေကြတာပဲ။ အဓိကကတော့ 'ပိုနေမြဲ ကျားနေမြဲ' နေပြီး ရွေးကောက်ပွဲပြီး တက်လာတဲ့ အစိုးရနဲ့ကျမှ နိုင်ငံရေးစေ့စပ်ဆွေးနွေးပွဲ လုပ်ချင်ကြတာပဲ ဖြစ်တယ်။

မေးသူ မြတ်ခိုင်၊ ဖြေသူ သခင်တင်မြ 'ဗျူးပွဲ' ဟာ ဒါကြောင့် ပေါ်လာတာ ဖြစ်တယ်။

(၃) 'ငြိမ်း' အဖွဲ့တွေဟာ ဗကပ ရဲ့ မိတ်ဆွေတွေချည်း ဖြစ်တယ်။ တချို့က "ရဲဘော်ဟောင်း" တွေပဲ။ သူတို့က 'မငြိမ်' ဘူး။ ဗိုလ်ခင်ညွန့်တုန်းက ပြောထားတာတွေ၊ သဘောတူပေးထားတာတွေကို စွဲစွဲမြဲမြဲကိုင်ထားချင်ကြတယ်။ ရွေးကောက်ပွဲနဲ့ တက်လာတဲ့အစိုးရနဲ့ နိုင်ငံရေးအပေးအယူလုပ်ဖို့ ဆွေးနွေးချင်တယ်။ ဒီသဘောထားကို ဗကပ က ကြိုက်တယ်။

နအဖ အဖို့ကလည်း ဗိုလ်ခင်ညွန့် တနပ်စားဉာဏ်နဲ့ လုပ်ထားခဲ့တာတွေကို ဖျက်သိမ်းပစ်ချင်တယ်။ ခွန်ဆာကိုတိုက်ဖို့ ဆိုပြီး UWSA ကို သုံးခဲ့မိလို့ UWSA က ယိုးဒယားနယ်စပ်မှာ အခြေကျနေကြပြီ။ သန်းရွှေ၊ မောင်အေးတို့ကလည်း UWSA ကို သူတို့ သတ်မှတ်ပေးထားတဲ့ ဝကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းအထဲကို ပြန်သွင်းချင်တယ်။ ဒါဟာ အဓိကအကျဆုံးကွဲလွဲချက် ဖြစ်တယ်။ တခြားအကြောင်းတွေလည်း ရှိလာတယ်။ ဒါပေမဲ့ မရေးတော့ပါဘူး။ KIA - SSPP တို့နဲ့ကလည်း လက်တွေ့ပိုင်းမှာ ကွဲလွဲချက်တွေ ရှိနေတာပဲ။ ဒါလည်း မရေးတော့ပါဘူး။

'မူ' အရတော့ သဘောတူသော်လည်း လက်တွေ့မှာ ညှိမရ၊ လုပ်မရဖြစ်နေတာပါ။ အဲဒီလို ဖြစ်နေလို့ပဲ "မြတ်ခိုင် - သခင်တင်မြမေးဖြေပွဲ" ကို နအဖ က ရုံသွင်းလိုက်တာ ဖြစ်တယ်။

(၄) မေးသူက ပြည်တွင်းစစ်မီးက မငြိမ်းသေးဘူး၊ ပြည်တွင်းစစ်တရားခံ ဘယ်သူလဲဆိုတဲ့ မေးခွန်းနဲ့ စတယ်။ ဒီမေးဖြေပွဲလုပ်ဖို့ စောစောကတည်းက မြတ်ခိုင်က ပြင်ဆင်ထား၊ ခြေဆင်းထားတာပဲ။ သူ့ဂျာနယ်မှာ တောင်တွင်းအောင်သင်းရဲ့ "သခင်တင်မြက ဗကပ အကြောင်းလည်း ဖော်ပြပါဦး" လို့ ဖော်ပြထားပြီး ဖြစ်တယ်။

တောင်တွင်းအောင်သင်းက "ဖြုတ်ထုတ်သတ်" ကို ပြောစေချင်တာလို့ ထင်ရတယ်။ မြတ်ခိုင်ရော၊ သခင်တင်မြပါ ဒီကိစ္စကို မကိုင်ကြဘူး။ ဘာကြောင့်လဲ။ ထင်ရတာက ဗကပ ရဲ့ ပါတီအသက် နှစ် (၇၀) အထိမ်းအမှတ်ထုတ်ဝေတဲ့ ပြည်သူ့အာဏာကို ဖတ်ထားပြီးလို့ ဖြစ်မယ်။ ဘာကြောင့်ထင်ရသလဲဆိုတော့ ဗကပ ဝက်ဘ်ဆိုက်မှာတင်တဲ့ စာစောင်စာတမ်း ဆောင်းပါးတွေကို 'စိတ်ဓာတ်စစ်ဆင်ရေးဌာန' က အမြဲတမ်းဆွဲချပြီး ကူးယူကာ သခင်တင်မြစသူများဖတ်ဖို့၊ ဖတ်ပြီး ထိုးနှက်တိုက်ခိုက်ဖို့ ဖြန့်ဝေပေးနေတယ်ဆိုတာ သတင်းရလို့ပဲ။ ဖထသ ကိစ္စကို ကျွန်တော်တို့က နိဂုံးချုပ်ချက်လုပ်ပြီး ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေး လုပ်ထားပြီပဲ။ '၁၉၇၅' တုန်းကတည်းက နိုင်/ဦး အဖွဲ့ (PB) ထဲမှာ လုပ်ထားတဲ့ နိဂုံးချုပ်ချက်ရဲ့

အတွင်းသဘောတွေကို (နှစ် ၇၀) မှာ ထုတ်ဖော်ထားပြီးဖြစ်လို့ပဲလို့ ထင်ပါတယ်။ အထင်ပါ။ သေချာတာကတော့ ပြည်တွင်းစစ်တရားခံအဖြစ် 'ဗကပ' ကို စွဲချက်တင်ဖို့လုပ်တဲ့ 'ဇျူးပွဲ' မို့ တခြားကိစ္စ မပါစေချင်တာ ဖြစ်လိမ့်မယ်။

ဘာကြောင့် ဗကပ ကို နှစ် (၆၀) ကျော်ကကိစ္စနဲ့ စွဲချက်တင်ပြီး တရားခံလုပ်နေသလဲ။ ဗကပ ပြိုကွဲသွားပြီဆို၊ မရှိတော့ဘူးဆို၊ လက်ကျန်တွေပဲ ရှိတော့တယ်ဆို။

အကြောင်းကတော့ မငြိမ်းနိုင်သေးတဲ့ မီးခဲ (မီးခဲပြာဖုံးဖြစ်နေတဲ့မီးခဲ) က ထတောက်တော့မလို ဖြစ်နေလို့ပါပဲ။

ဗကပ ရဲ့ သဘောထားက + စစ်အာဏာရှင်ကို ဆန့်ကျင်တာမှန်သမျှ အားပေးမယ်။

အကြံပေးတာက + ဖိရင်ကြွတာ တရားတယ်။

\+ ကိုယ်ကစပြီး မထိနဲ့။ ထိလာရင်လည်း မခံနဲ့ ဆိုတာပဲ။

ဒီသဘောထားကို ရဲဘော်ဟောင်းများ၊ မိတ်ဆွေဟောင်းများ၊ ဒီမိုကရေစီတိုက်ဖော်တိုက်ဖက်များသို့ အကြံပေးနေတာပဲ။ လျှို့ဝှက်ပြီး အကြံပေးတာ မဟုတ်ဘူး။ လူသိရှင်ကြား အကြံပေးတာပဲ။

အခုဇျူးပွဲက ဗကပ ပြောတာ နားမယောင်နဲ့၊ ဗကပ က ပြည်တွင်းစစ်တရားခံတွေပဲလို့ တတိုင်းပြည်လုံးကို ပြောချင်တာ ထင်ရှားပါတယ်။

(၅) ဦးကျော်ငြိမ်းအကြောင်း ရေးနေတုန်းက ဗကပ က သခင်တင်မြသို့ (၁၂ - ၁၀ - ၂၀၀၉) ရက်စွဲနဲ့ အကြံပေးစာရေးပြီး ဝက်ဘ်ဆိုက်တင်ခဲ့တယ်။ စာပါ အတွင်းသဘောက ဦးကျော်ငြိမ်းအကြောင်းရေးရင် အမေရိကန်သုတေသီအမျိုးသမီးရေးတဲ့ (Making Enemies) စာအုပ်ဖတ်ပြီးမှရေးရင် ကောင်းပါလိမ့်မယ်လို့ အကြံပေးခဲ့တာပဲ။ သခင်စိုးအကြောင်းက လုံလောက်ပါပြီ။ ဦးအောင်သင်းက 'ဗကပ' အကြောင်းရေးပါဦး တောင်းဆိုနေတယ်။ ခင်ဗျားထက်ပိုပြီး ဗကပ အကြောင်း ရေးနိုင်သူတွေက စိတ်ဓာတ်စစ်ဆင်ရေးအကူအညီနဲ့ စာအုပ်ကြီးတွေ ထုတ်ပြီးပြီပဲ။ သူတို့က ခင်ဗျားထက် ပိုပြီးရေးနိုင်ကြတာပဲလို့လည်း အကြံပေးခဲ့ပါတယ်။ အခု "ဇျူးပွဲ" က အဲဒီအကြံပေးချက်ကို တုံ့ပြန်တာများလားလို့လည်း စဉ်းစားမိပါတယ်။ ထားပါ ။ အဓိက အကြောင်းက 'ပြည်တွင်းစစ်တရားခံ ဘယ်သူလဲ' ဆိုတဲ့ ကိစ္စပါ။

(၆) ဦးကျော်ငြိမ်းအကြောင်း ရေးတုန်းက ဦးကျော်ငြိမ်းအပေါ် ဗိုလ်နေဝင်းရဲ့ အကဲဖြတ်ချက်ကိုရေးတာ တွေ့ပါတယ်။

ဗိုလ်နေဝင်း အကဲဖြတ်ချက်က "သူက အညှိုးကြီးတယ်။ သူညှိုးသလို သူများကလည်း သူ့ကိုညှိုးလိမ့်မယ်၊ လက်တုံ့ပြန်လိမ့်မယ်လို့ အမြဲစိတ်ထဲ စွဲနေတယ်။ (ထောင်ထဲမှာ) သူ့ကို မနှိပ်စက်ပါဘူး၊ ဘာစိတ်ကူးပေါက်တယ် မသိပါဘူးကွာ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတယ်။ သူ့ကို သွားမေးတော့လည်း ဘာမှ မပြောဘူး။" "သူက လူလည်ပါဆိုတာကို သူနဲ့စသိခဲ့ကြပြီး ကတည်းက ရိပ်မိပြီးသားပါ။"

ကိုကျော်ငြိမ်းဘက်က ပြောတာက သူ့ 'သေတမ်းစာ' (ဒါ က ကျွန်တော်တို့ပေးတဲ့ နာမည်ပါ။) မှာ သူ့ရဲ့နောက်ဆုံးအညှိုးက ဗိုလ်နေဝင်းနဲ့ဦးဗဆွေအပေါ် ဖြစ်နေတယ်။ (မဆန်းဘူးလား။)

ထိန်းသိမ်းခံဘဝမှာ သူ့ကို ကိုယ်ထိလက်ရောက် နှိပ်စက်တာက အရမ်းသန်းညွန့်တဲ့။ (ဒါလည်း မဆန်းဘူးလား။) ဦးဗဆွေကိုတော့ သူက တော်တော်ထင်မြင်ချက် ကြီးတယ်။ အသေးစိတ် မရေးတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုကျော်ငြိမ်းက သူ့သားသမီးတွေကို သူသေမှ ထုတ်ချင်ထုတ်ကြဖို့ ရေးခဲ့တဲ့စာ ဖြစ်နေလို့ပါ။ ကာယကံရှင်တွေက မထုတ်ဘဲထားတာကို ကိုယ်က အကုန်လှျောက်ရေးလို့ မဖြစ်လို့ပါ။

တခုတော့ ဖောက်သည်ချပါမယ်။ ကိုကျော်ငြိမ်းရဲ့စဉ်းစားတွေးခေါ်ပုံကို သိစေချင်လို့ပါ။ ဦးသန့် အရေးအခင်း အရှိန်မြင့်နေတုန်းက ဗိုလ်ခင်မောင်ကလေးက သူ့အိမ်လာသတဲ့။ 'ကိုကျော်ငြိမ်း ခင်ဗျားသားတွေက မိန်းမလျာတွေလား။ ဘာကြောင့် လှုပ်ရှားမှုထဲ ဝင်မပါခိုင်းတာလဲ' လို့ ပြောသတဲ့။ ဒါနဲ့ သူ့သားတွေကို ဝင်ပါဖို့ လွှတ်သတဲ့။

လှုပ်ရှားမှုအဖိနှိပ်ခံရတော့ သူ့သားတွေ အဖမ်းခံရတယ်၊ ထောင်ကျတယ်။ လွတ်လာတော့ မင်းတို့ဗမာပြည်ထဲ နေရင်တော့ ထောင်ထဲဝင်လိုက်ထွက်လိုက် ဖြစ်နေတော့မှာပဲ။ ဒါကြောင့် အမေရိကားသွားဆိုပြီး လွှတ်တာလို့ သူ့သားကိုယ်တိုင်က ပြောပါတယ်။ အာဏာရှိတုန်းက သူလုပ်ခဲ့သလို သူများက လုပ်လိမ့်မယ်လို့ သူ့စိတ်မှာ စွဲနေတယ်။ တူဖြစ်တုန်း နာနာနှက်ခဲ့သူဟာ ပေဖြစ်တော့ မခံနိုင်ဘူး။

> သူ့ဘဝမှာ အညှိုးအတေးကို ပြန်ပြီးလက်စားချေခွင့် မရတော့မှာကို သိပြီးတဲ့နောက်မှာ အခု ပြောနေတဲ့ 'သေတမ်းစာ' ကို ရေးတာပါ။ သူ့ရဲ့ အညှိုးအတေးစာရင်းကြီးပါ။ မင်းတို့ခေတ်မှာ လက်တုံ့ပြန်ကြလို့ မှာခဲ့တဲ့ စာတမ်းပါပဲ။

ဒီလောက်ဆိုရင် ရပါပြီ။ တရားခံဘယ်သူလဲဆိုတာကို ကောက်ကိုင်ပါမယ်။

(၇) <u>၁၉၄၈ မတ်လ ဖြစ်စဉ်။</u>

(၁၂ မတ်လ ၄၈) သခင်ကိုယ်တော်မှိုင်းပြောတဲ့ 'ပုဆိန်ပွဲ' ဖြစ်တယ်။ မူးနေတဲ့ ခေါင်းဆောင်တွေ ဦးစီးတဲ့ လူစုလူဝေးက သတင်းစာတိုက် ရိုက်ချိုးတယ်။ ကွန်မြူနစ်နေ့စဉ်ကို မလာဘူး။ လာရင် ပွဲကြီးပွဲကောင်းဖြစ်မှာပဲ။ ဒါကြောင့် 'အောင်ဗလ' ကို သူ့သတင်းစာအယ်ဒီတာက ဓာတ်ပုံရိုက်ယူပြီး သတင်းဦး၊ သတင်းထူးထည့်ဖို့ လွှတ်ပြီးတာဝန်ပေးတယ်။ ဗကပ ဌာနချုပ်အနီးက သစ်ပင်ပေါ်တက်ပြီး သတင်းယူဖို့ စောင့်တယ်။ ဒါပေမဲ့ ဆိုရှယ်လစ်လူစုလူဝေးက မလာဘူး။ ဒါကြောင့် သတင်းဦးသတင်းထူး မရလိုက်ဘူး။

မတ်လ ၁၄၊ ၁၅ လောက်မှာ ဖြစ်မယ်။ ပါတီဗဟိုက သတင်းစာတိုက်ကို ကာကွယ်ဖို့ ပျဉ်းမနားက ရဲဘော် (၅) ယောက် လွှတ်လာဖို့ သခင်တင်ထွန်းကတဆင့် စီစဉ်တယ်။ ဒီသတင်းကို ကိုသိန်းဖေ(မြင့်) ဆီက ကိုကျော်ငြိမ်း ရတယ်။ သူက ပုံကြီးချဲ့ပြီး သူ့အိမ်မှာလုပ်တဲ့ ကြိတ်ဝိုင်းမှာ ပြောပြပုံပေါ်တယ်။ ဘာကြောင့် ဒီလိုပြောသလဲဆိုတော့ ဗိုလ်နေဝင်းနဲ့ ကျွန်တော်တို့ တခါထပ်တွေ့ကြတုန်းက ဗိုလ်နေဝင်းက ပြောတယ်။ သူတို့ရဲ့ကြိတ်ဝိုင်း (ဘယ်နေ့လို့မပြော) မှာ ကိုကျော်ငြိမ်းက 'ဗကပ ဌာနချုပ် အပေါ်ထပ်မှာ တပ်ရင်းတရင်း လက်နက်အပြည့်အစုံနဲ့ ချထားတယ်။ သူတို့က လက်နက်နဲ့ မြို့တော်ကို သိမ်းဖို့ ပြင်နေတာပဲ။ အဲဒါ ဂိုရှယ်လမ်းစဉ်ပဲ။ ကိုယ်ကဦးအောင် ချရမယ်' လို့ ပြောသတဲ့။ ဗိုလ်နေဝင်းက "ကိုကျော်ငြိမ်းရာ၊ ဒီအပေါင်ဆိုင် အပေါ်ထပ်မှာ ဘယ့်နှယ်လုပ် တပ်ရင်းတရင်း နေနိုင်မှာလဲ" လို့ ပြောခဲ့ရသတဲ့။ ဖြစ်နိုင်တာက ၁၉၄၈ မတ်လ (၁၅) နဲ့ (၂၇) ကြားမှာပဲ ဖြစ်မယ်။

ဗကပ မှာ လက်နက်ကိုင်ပြီး မြို့တော်သိမ်းနိုင်တဲ့အင်အား ရှိမလားဆိုတာလည်း စဉ်းစားကြည့်ပါ။ (တပ်နီ) ဌာနချုပ်မှာ မြတ်ခိုင်ရဲ့ဂျာနယ်မှာ (ရွှေကြည်ထင်ပါရဲ့) ပြင်နေတယ်။ အဲဒီလို မှားတာတွေ များတယ်။ ပြောနေရင် ပြောသူပဲ မောမယ်။ တပ်နီဌာနချုပ်မှာ လက်နက်က ကာဘိုင်တလက်နဲ့ ပစ္စတိုတလက်ပဲ ရှိတယ်။ မြို့တော်သိမ်းနိုင်ပ့ါမလား။

(၈) မြတ်ခိုင်က သူ့အကျင့်ပါနေလို့လား မသိဘူး သခင်တင်မြ ကသိကအောင့်ဖြစ်အောင် ဒုတိယကိုကိုးကျွန်းအကြောင်း မေးတယ်။ သခင်တင်မြက ဖြောင်လိမ်တယ်။ မြတ်ခိုင်ကလည်း ဆက်ပြီးမေးတော့ ပထမကိုကိုးကျွန်းနဲ့ ရောထွေးပစ်လိုက်တယ်။ ဒါကတော့ တမင့်မေ့ပစ်ချင်ယောင်ဆောင်တာပဲ ဖြစ်မယ်။ သူ့မှာ အယ်ဇိုင်းမားရောဂါရနေတယ်လို့ မကြားဖူးပါဘူး။ နောက်တခု ဖြစ်နိုင်တာက သခင်တင်မြ ခေါင်းတွေချာချာလည်နေတုန်း ဗျူးတာလား။ ပုံမှန်ဆိုရင်တော့ ဒီလောက်လွဲစရာအကြောင်းမရှိဘူး။ မြတ်ခိုင်ကတော့ ဗကပ နဲ့ပတ်သက်ပြီး ပြောစရာခန်းနေပြီဖြစ်တဲ့ နိုင်ငံရေးသမားကြီးကို ပွဲထုတ်စားနေတာ ကြာပြီ။ ဒါကြောင့် ဟိုကလှည့်မေး ဒီကလှည့်မေး လုပ်နေတာပဲ။

ဦးကျော်ငြိမ်းအကြောင်း သခင်တင်မြ ပြောနေတာကလည်း မပြီးသေးဘူး။ ပြီးရင် 'မဆလ ဆိုရှယ်လစ်ဘဝမှာဖြင့်' ရေးပါဦး။ ရေးစရာတွေ များပါတယ်။ ဗိုလ်နေဝင်းအကြောင်းရေးရဲရင် ကောင်းပါတယ်။

(၁ - ၁၁ - ၂၀၀၉)